**<u>ကရင်အမျိုးသမီးအစည်းအရုံး</u>**

**<u>လယ်ဒိုး(ကျော့ကြီး)မြို့နယ်</u>**

**နေ့ရက် -ဇွန်လ (၂၈)ရက်၊ ၂၀၂၂ခုနှစ်။**

## လယ်ဒိုး(ကျော့ကြီး)မြို့နယ်အတွင်း စစ်ကောင်စီ၏တပ်လှုပ်ရှားမှုနှင့်လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် လယ်ဒိုး(ကျော့ကြီး)မြို့နယ် ကရင်အမျိုးသမီးအစည်းအရုံးမှ ဆန့်ကျင် ကန့်ကွက်ကြောင်းသဘောထား ထုတ်ပြန်ချက်

၁။ မိမိတို့ ကျော့ကြီးမြို့နယ် ကရင်အမျိုးသမီးအစည်းအရုံးသည် အမျိုးသမီးရေးရာကိစ္စအဝဝကို ဗဟို၊ ခရိုင်၊မြို့နယ်မှ ကျေးရွာအုပ်စုအထိအဆင့်ဆင့်ဖွဲ့စည်းပြီးမိမိတို့ချမှတ်ထားသည့်လမ်းစဉ်နှင့်အညီလုပ်ဆောင်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၂။အထူးသဖြင့်အကြမ်းဖက်စစ်ကောင်စီမှဖေဖော်ဝါရီလ(၁)ရက်၊၂၀၂၁ခုနှစ်တွင်မတရားအာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ ပြည်သူလူထုများ၏လူမှုဘဝလိုအပ်ချက်များကိုပြည်သူလူထုနှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်စစ်ကောင်စီကြောင့်၎င်းတို့ရင်ဆိုင်နေရသည့် လူမှုဒုက္ခအဝဝကိုစောင့်ကြည့်မှတ်တမ်းတင်လျက်ရှိပါသည်။လတ်တလောတွင်လယ်ဒိုး(ကျော့ကြီး)မြို့နယ်အတွင်းရှိကျေးရွာအချို့အတွင်းသို့လက်နက်ကြီးလက်နက်ငယ်များဖြင့်စဉ်ဆက်မပြတ်ပစ်ခတ်နေမှုကြောင့်ကျေးရွာပေါင်း(၁၂)ရွာမှလူဦးရေ(၁၀၅၂၆)ဦးမှာဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေရပြီးအခြားကျေးရွာနေပြည်သူများမှာလည်း စိုးရိမ်ထိတ်လန့်လျက်နေနေရသည်။

၃။ ၁၉၉၇ခုနှစ် ဇူလိုင်(၂၂)ရက်နေ့တွင် မြန်မာအစိုးရမှ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုရပ်တန့်ရေး ဆိုင်ရာစာချုပ်(Convention on the Elimination of Discrimination Against Women) ကို လက်မှတ် ရေးထိုးခဲ့သော်လည်း လက်ရှိကျော့ကြီးမြို့နယ်တွင်ထိုစာချုပ်ပါအခွင့်အရေးများကိုရှေးယခင်အဆက်ဆက်ကဲ့သို့ပင် ဆက်လက်ချိုးဖောက်ကျူးလွန်နေလျက်ရှိပါသည်။

၄။ပြည်သူလူထု၏ဆန္ဒနှင့်ဆန့်ကျင်ပြီး မတရားအာဏာလုယူကာ ပြည်သူလူထုအပေါ်တွင် အကြမ်းဖက်ဖိနှိပ် နှိပ်စက်နေသော အကြမ်းဖက်စစ်ကောင်စီ၏လုပ်ရပ်များကိုမိမိတို့လယ်ဒိုး(ကျော့ကြီး)မြို့နယ်ကရင်အမျိုးသမီးအစည်းအရုံးမှ ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုံ့ချသည်။ဒေသတွင်းနှင့်နေရာအနှံ့ရှိအမျိုးသမီးထုများအနေဖြင့်စစ်ကောင်စီ၏အကြမ်းဖက်လုပ်ဆောင်နေမှုအပေါ် တထောင့်တနေရာမှ ဝိုင်းဝန်းပါဝင်ဆန့်ကျင်ရန်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်-**

**phone-09785676004**

**phone-09763359931**

**အလုပ်အမှုဆောင်ကော်မတီ**

**ကရင်အမျိုးသမီးအဖွဲ့အစည်း**

**ကျော့ကြီးမြို့နယ်**